# ကလေးများတွင် ဆီးအိတ်(U-Bag) ဖြင့် ဆီးစုဆောင်းပုံ




၁။ကလေး၏ ခြေထောက် ၂ ချောင်းကို ကားထားပါ။

၂။ perineum ဟုခေါ်သော စအိုနှင့် ကပ်ပယ်အိတ်(သို့) မိန်းမကိုယ်
ကြားနေရာကို
ဆပ်ပြာနှင့် ရေအသုံးပြု၍ ဆေးကြောပြီး ကောင်းစွာ ခြောက်သွေ့အောင်ထားပါ။

၃။ ပေါင်ဒါမှုန့်၊ အဆီ (သို့) လိုးရှင်းကို အရေပြားပေါ်တွင် မလိမ်းရပါ။

၄။ ကပ်ခွာ အပြား၏ အောက်ပိုင်းရှိ အခံကို ဖယ်ရှားလိုက်ပါ ။

၅။ ကလေး၏ အရေပြားကို ညင်သာစွာ ဆွဲဆန့်ခြင်းအားဖြင့်
အရေပြားမတွန့်အောင် ပြုလုပ်ပါ။

၆။ ကပ်ခွာ၏ အကျဉ်းမြောင်းဆုံးအပိုင်းကို စအိုတစ်ဝိုက်တွင် သေချာစွာ ဖိကပ်လိုက်ပါ။

၇။ ကျန်သောကပ်ခွာ၏အပိုင်းကို အရေပြားတွင် သေချာချောမောအောင်
ဖိကပ်ပြီးမတွန့်ခေါက် အောင်ပြုလုပ်ပါ။

၈။ ကပ်ခွာပြား၏အပေါ်ပိုင်းမှ အခံကို ဖယ်ရှားလိုက်ပြီး လိင်တံ (သို့) မိန်းမကိုယ်
အပေါ် ဘက်ရှိ အရေပြားတွင် ချောမွေ့ပြေပြစ်အောင် ဖိကပ်ပါ။

၉။ဆီးအိတ်ကို မကြာခဏ စစ်ဆေးပြီး ဆီးစုဆောင်းပြီးသည့်နှင့် တစ်ပြိုင်နက် ဖယ်ရှားပါ။

၁၀။ စုဆောင်းရာ၌ အကြိမ်များစွာ လုပ်ရန် လိုအပ်လာနိုင်ပါသည်။

၁၁။ ဆီးစုဆောင်းမှု ပြီးဆုံးသွားလျှင်
အရေပြားမှ ကပ်ခွာအခံကို ညင်သာစွာ ခွာ၍ ပိုးသက်ထားသော ခွက်ထဲသို့ ဆီးကို သွန်ထည့်ပါ။